# ရုံးခွန်အက်ဥပဒေ

## အခန်း - ၁

၁။ ( ချန်လှပ်ထားသည်။)

၂။ (ပယ်ဖျက်ထားသည်။)

## အခန်း - ၂
## ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခွန်များ

*ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှုလမှုတွင် ရုံးခွန်ကောက်ခံခြင်း*

၃။ ယခုအခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်စာရေးများနှင့် အရာရှိများသို့ ရုံးခွန်ပေးဆောင်ရန် (သို့မဟုတ်)ဤအက်ဥပဒေတွင် ဖော်ပြထားသည့် ပထမဇယား၏ အမှတ်စဉ် (၁၁)နှင့် ဒုတိယဇယား၏ အမှတ်စဉ် ၇၊ ၁၂၊ ၁၄၊ ၂၀ နှင့် ၂၁ တို့အရ ဆိုင်ရာတရားရုံးတွင်ပေးဆောင်ရန် ရုံးခွန်များကို ဤအက်ဥပဒေ၏နောက်တွင် ဖော်ပြထားသည့် နည်းလမ်းများအတိုင်း ကောက်ခံရမည်။

*ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏မူလမှုအထူးစီရင်ပိုင်ခွင့်နှင့်အယူခံစီရင်ပိုင်ခွင့်အရ တင်သွင်းသည့်စာတမ်းအမှတ်အသားများအပေါ် ရုံးခွန်များ*

ပုဒ်မ ၄။ ဤအက်ဥပဒေပါ ပထမဇယားနှင့် ဒုတိယဇယားတို့တွင် ရုံးခွန်ထမ်းဆောင်ရန် သတ်မှတ်ပြဋ္ဌာန်းထားသောမည်သည့်စာတမ်းအမှတ်အသားမဆို ရုံးခွန်များကိုပြဋ္ဌာန်းသည်ထက်လျော့နည်းထမ်းဆောင်ခဲ့လျှင် (သို့မဟုတ် ) ပြဋ္ဌာန်းသည့်အတိုင်း ထမ်းဆောင်ခြင်းမရှိလျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ကျင့်သုံးဆောင်ရွက်သည့် တရားမမူလ အထူးစီရင်ပိုင်ခွင့်ကို ကျင့်သုံးရာတွင်ဖြစ်စေ (သို့မဟုတ်)

ပြစ်မှု မူလမှု အထူးစီရင်ပိုင်ခွင့်ကို ကျင့်သုံးရာတွင်ဖြစ်စေ (သို့မဟုတ်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားမမူလအထူးစီရင်ပိုင်ခွင့်မှတစ်ပါး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားသူကြီးတစ်ဦး (သို့မဟုတ်) တစ်ဦးထက်ပိုသော တရားသူကြီးများ၏ စီရင်ဆုံးဖြတ်ချက်အပေါ် (သို့မဟုတ်) ပြည်နယ်/ တိုင်းဒေသကြီး တရားလွှတ်တော်၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံစီရင်ပိုင်ခွင့်ကို ကျင့်သုံးရာတွင်ဖြစ်စေ (သို့မဟုတ်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လက်အောက်ခံတရားရုံးများမှ တင်သွင်းသည့် အယူခံစီရင်ပိုင်ခွင့်ကို ကျင့်သုံးရာတွင်ဖြစ်စေ (သို့မဟုတ်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြင်ဆင်မှု (သို့မဟုတ်) လွှဲအပ်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးရာတွင်ဖြစ်စေ၊ အမှုလက်ခံခြင်း၊ အမှုတွဲ၌တွဲခြင်း၊ သက်သေခံတင်သွင်းခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ပြီးမြောက်အောင်ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းမပြုရ။

*ရုံးခွန်ပမာဏ (သို့မဟုတ်) လိုအပ်ချက်နှင့်ကွာခြားမှု ရှိပါက လုပ်ထုံးလုပ်နည်း*

၅။ ရုံးခွန်ပေးဆောင်ခြင်းကို ကြည့်ရှုလေ့လာရန်တာဝန်ရှိသောအရာရှိနှင့် အမှုသည် (သို့မဟုတ်)၎င်း၏ ရှေ့နေတို့သည် ရုံးခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ သဘောကွဲလွဲသည်ဟု တရားလွှတ်တော်ချုပ်တွင် ပေါ်ပေါက်ခဲ့လျှင် အခွန်ကိုစိစစ်သော အရာရှိ (Taxing Officer)ထံ ပေးပို့ပြီး ဆုံးဖြတ်ချက်ကိုရယူရမည်။ ထိုသို့ဆုံးဖြတ်ချက်သည် အပြီးသတ်ဆုံးဖြတ်ချက်ဖြစ်သည်။ သို့သော်လည်း ထိုသဘောကွဲလွဲမှုသည် ယေဘုယျအားဖြင့် အရေးပါအရာရောက်သည်ဟု

ယူဆ၍ ဆုံးဖြတ်ချက်ကို ရရှိနိုင်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ထံသို့ (သို့မဟုတ်) ပြည်ထောင်စုတရားသူကြီးချုပ်က အထူးအာဏာအပ်နှင်းသော တရားသူကြီးတစ်ဦးဦးထံသို့ တင်ပို့ရမည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် ဤပုဒ်မ၏ ပထမအပိုဒ်ပါ အဓိပ္ပါယ်အရ မည်သူသည် အခွန်အရာရှိ ဖြစ်ကြောင်းကြေညာရမည်။

## အခန်း - ၃
## အခြားတရားရုံးများနှင့် အများပြည်သူနှင့်သက်ဆိုင်သောရုံးများ၌ထမ်းဆောင်ရမည့် ရုံးခွန်များ

အခြားတရားရုံးများနှင့် အများပြည်သူဆိုင်ရာရုံးများတွင် တင်သွင်းသည့် စာတမ်းအမှတ်အသားများအပေါ် ထမ်းဆောင်ရန်အခွန်များ

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှအပ ဤအက်ဥပဒေ၏ ပထမ (သို့မဟုတ်) ဒုတိယဇယားတွင် အခွန်ထမ်းဆောင်ရန် ဖော်ပြထားသည့် စာချုပ်စာတမ်းများကို အဆိုပါစာချုပ်စာတမ်းများအတွက် ထိုက်သင့်သည့် အခွန်ဖြစ်ကြောင်း ဇယားတစ်ခုခုတွင် ဖော်ပြထားသည့် ပေးဆောင်ရမည့် အခွန်ပမာဏထက်မနည်းပေးဆောင်ထားခြင်းမရှိခဲ့လျှင်မည်သည့်အများပြည်သူဆိုင်ရာ အရာရှိသည်ယင်းစာချုပ်စာတမ်းကိုတင်ပြခြင်း၊ မှတ်တမ်းတင်ခြင်း (သို့မဟုတ်) လက်ခံခြင်း(သို့မဟုတ်) တင်သွင်းခြင်း (သို့မဟုတ်) ပြီးမြောက်အောင်ဆောင်ရွက်ပေးခြင်းတို့ကို မပြုလုပ်ရ။

အချို့သောတရားမမှုများတွင်ပေးဆောင်ရမည့်ရုံးခွန်တွက်ချက်ခြင်း

၇။ အောက်ဖော်ပြပါအမှုများအတွက် ပေးဆောင်ရန်ရုံးခွန်များကို ဤအက်ဥပဒေ၌ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

ငွေရလိုမှုအတွက်

(၁) ငွေရလိုမှုအမှုများ[နစ်နာကြေး (သို့မဟုတ်)လျော်ကြေး (သို့မဟုတ်)စားစရိတ် မပြေကျန်ငွေများ (သို့မဟုတ်) နစ်နာကြေးပေးရန် ကြွေးကျန်ငွေများ (သို့မဟုတ်) အချိန်ကာလအပိုင်းအခြားအလိုက် ပေးငွေများအပါအဝင်] အပေါ် တောင်းဆိုထားသည့်အတိုင်း တွက်ချက်ရမည်။

စားစရိတ်နှင့် နှစ်စဉ်ကြေးရလိုမှုများအတွက်

(၂) ထောက်ပံ့ကြေး(သို့မဟုတ်)စားစရိတ်နှစ်စဉ်ကြေးနှင့် ကာလအပိုင်းအခြားနှင့်ပေးရသော ငွေများကို ရလိုကြောင်း စွဲဆိုသောအမှုများ၌ အမှု၏အချင်းဖြစ်အကြောင်းရင်းခံ၏တစ်နှစ်အတွက် တောင်းဆိုသောငွေ၏ ၁၀ - ဆ ပေးဆောင်ရမည်။

ကာလတန်ဖိုးရှိသည့်ရွှေ့ပြောင်းနိုင်သောပစ္စည်းရလိုမှုအတွက်

(၃) ငွေမှအပ ရွှေ့ပြောင်းနိုင်သောပစ္စည်းများအတွက် စွဲဆိုသော အမှုများတွင် အချင်းဖြစ်ပစ္စည်းမှာကာလတန်ဖိုးအတိုင်းရှိလျှင် အဆိုလွှာတင်သွင်းသည့် နေ့ရက်၌ ပေါက်သည့်တန်ဖိုးအလိုက်၊ ထမ်းဆောင်ရမည်။

၄။ တရားမမှုများတွင် -

ကာလပေါက်ဈေး မရှိသည့်ရွှေ့ပြောင်းနိုင်သောပစ္စည်းအတွက်

(က) ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်းသော စာချုပ်စာတမ်းများစသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းရလိုမှုများတွင် အချင်းဖြစ်ပစ္စည်းမှာ ကာလပေါက်ဈေးတန်ဖိုးမရှိလျှင်၊

မိသားစုပူးတွဲပိုင်ပစ္စည်းမှဝေစုခွဲပေးစေလိုမှု

(ခ) မိသားစုပူးတွဲပိုင်ဆိုင်သည့် ပစ္စည်းအပေါ်အခြေခံ၍ အစုရပိုင်ခွင့်ကိုခွဲဝေပေးရန် စွဲဆိုသော အမှုများတွင်၊

မြွက်ဟကြေညာပေးသည့်ဒီဂရီနှင့်နောက်ဆက်တွဲအကျိုးဆက်သက်သာခွင့်အတွက်

(ဂ) နောက်ဆက်တွဲ သက်သာခွင့်ကိုပါ တောင်းဆိုထားသော မြွက်ဟကြေညာပေးစေလိုမှု ဒီဂရီ၊ (သို့မဟုတ်)အမိန့်ချမှတ်ပေးရန် စွဲဆိုသောအမှုများတွင်၊

တားဝရမ်းအတွက်

(ဃ) တားဝရမ်းရလိုမှုများတွင်၊

အခြားသူပိုင်မြေနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အတွက်

(င) မြေမှဖြစ်ထွန်းသော ( အခြားနည်းပြဋ္ဌာန်းထားချက်မရှိလျှင် ) အကျိုးအမြတ်ရလိုမှုများတွင်၊

စာရင်းရှင်းလင်းမှုအတွက်

(စ) စာရင်းရှင်းလင်းရန် အမှုများတွင် တောင်းဆိုသော သက်သာခွင့်ကို အဆိုလွှာတွင်ဖြစ်စေ၊ အယူခံလွှောက်လွှာတွင်ဖြစ်စေ၊ ဖော်ပြထားသောအမှု၏တန်ဖိုးအတိုင်း၊

အဆိုပါအမှုအားလုံးတွင် တရားလိုသည် ၎င်းတောင်းဆိုသည့်သက်သာခွင့်အတွက် တန်ဖိုးငွေကို ဖော်ပြရမည်။

မြေ၊ အိမ် နှင့် ဥယျာဉ်ခြံ၊ မြေများ လက်ရောက်ရလိုမှုအတွက်

(၅) မြေ၊ အိမ်၊ ဥယျာဉ်ခြံမြေများ လက်ရောက်ရလိုမှုများတွင် -
အချင်းဖြစ်ပစ္စည်း၏ တန်ဖိုးအလိုက်၊ အချင်းဖြစ်ပစ္စည်း၏တန်ဖိုးဟုဆိုရာ၌ -
အချင်းဖြစ်ပစ္စည်းမှာ မြေဖြစ်လျှင် -

(က) xxxxxxxxxxxxxxxxx

(ခ) ထိုမြေသည် တစ်လုံးတစ်စည်းတည်းဖြစ်ပြီး (သို့မဟုတ်) အတိအကျအစိုးရသို့အခွန်ပေးဆောင်ရပြီး ထိုပေးဆောင်ရသော အခွန်မှာလည်း အမြဲတမ်းမဟုတ်ခဲ့လျှင် ၎င်းတန်ဖိုးမှာ အထက်ပါထမ်းဆောင်ရန် အခွန်၏(၅) ဆဖြစ်ကြောင်းမှတ်ယူရမည်။

(ဂ) အဆိုပါမြေခွန် မထမ်းဆောင်ရသည့်မြေ၊ မြေခွန်အချို့အဝက် ကင်းလွတ်သည့် မြေ သို့မဟုတ် မြေခွန်အစား ပေးဆောင်ရန် သတ်မှတ်ထားသည့် မြေဖြစ်သည့်အပြင် အမှုမစွဲမီ တစ်နှစ်အတွင်း ထိုမြေမှ ထွက်ပေါ်သည့် အသားတင် အမြတ်အစွန်းရှိလျှင် ယင်းအသားတင် အမြတ်အစွန်း၏ ၁၅ ဆ အပေါ်တွင်ထမ်းဆောင်ရမည်။ သို့ရာတွင်အသားတင်

အမြတ်အစွန်းမရှိလျှင် ၎င်းမြေနှင့် အနီးအနားရှိ အလားတူ မြေမျိုးကို တရားရုံးက ခန့်မှန်းသတ်မှတ်သည့် တန်ဖိုးအပေါ်တွင် ရုံးခွန်ထမ်းဆောင်ရမည်။

(ဃ) ထိုမြေသည် အစိုးရသို့ အခွန်ပေးဆောင်ရသည့် အိမ်ရာမြေပစ္စည်း၏အစိတ်အပိုင်းဖြစ်သော်လည်း ယင်းအိမ်ရာမြေပစ္စည်းတွင် အတိအကျ ပိုင်းခြား သတ်မှတ်ထားမှုမရှိသည့် အပြင် အထက်တွင် ဆိုခဲ့သည့်အတိုင်း အခွန်ကို သီးခြားစည်းကြပ်ခြင်းမရှိလျှင် ထိုမြေ၏ ကာလတန်ဖိုးအပေါ် ရုံးခွန်ထမ်းဆောင်ရမည်။

ရှင်းလင်းချက်။ ဤပုဒ်မခွဲတွင် သုံးနှုန်းသည့် " အိမ်ရာမြေပစ္စည်း" ဆိုသည်မှာ အခွန်ထမ်းဆောင်ရန် မြေရှင်ကဖြစ်စေ၊ လယ်ယာလုပ်ကိုင်သူက ဖြစ်စေ အစိုးရနှင့် သီးခြားစာချုပ်ချုပ်ဆို၍ အခွန်သီးခြားစည်းကြပ်သည့်မြေကိုလည်းကောင်း ဆိုလိုသည်။

အိမ်နှင့် ဥယျာဉ်လက်ရောက်ရလိုမှု

(င) အချင်းဖြစ်ပစ္စည်းသည် အိမ် သို့မဟုတ် ဥယျာဉ်ခြံမြေဖြစ်လျှင် ယင်းအိမ်၊ မြေ၏ ကာလတန်ဖိုးအပေါ် ထမ်းဆောင်ရမည်။

ဦးစွာဝယ်ယူပိုင်ခွင့်ရလိုမှုအတွက်

(၆) ဦးစွာဝယ်ယူခွင့်လျှောက်ထားမှုများတွင် (ဤပုဒ်မပါ ပုဒ်မခွဲ - ၅ နှင့်အညီ တွက်ချက်သည့်) တောင်းဆိုသော မြေ၊ နေအိမ် (သို့မဟုတ်)ဥယျာဉ်ခြံမြေ၏ တန်ဖိုးအလိုက်။

မြေခွန်လွှဲအပ်ခြင်းခံရသူ၏ အကျိုးစီးပွားအတွက်

(၇) မြေခွန် လွှဲအပ်ခြင်းခံရသူတစ်ဦး၏ အကျိုးအမြတ်ရယူလိုမှုများတွင် အဆိုလွှာ တင်သွင်းသည့် နေ့ရက်မတိုင်မီ လွန်ခဲ့သော (၁)နှစ်အတွက် အဆိုပါ မြေခွန်လွှဲအပ်ခြင်းခံရသူအဖြစ် အသားတင်အမြတ်အစွန်း၏ ၁၅ - ဆ။

ဝရမ်းဖျက်ပေးစေလိုမှု

(၈) မြေ ( သို့မဟုတ် ) မြေမှရရှိသော အကျိုးအမြတ် ( သို့မဟုတ် ) အခွန်ငွေအပေါ် ဖမ်းဆီးထားသော ဝရမ်းကိုခွာပေးစေလိုမှုများတွင် ထိုမြေ (သို့မဟုတ်)အကျိုးအမြတ်ကို ဝရမ်းစွဲကပ်သောတန်ဖိုးငွေအလိုက်။

သို့ရာတွင် အဆိုပါ ငွေသည်လည်းကောင်း မြေ (သို့မဟုတ်) အကျိုးအမြတ်၏ တန်ဖိုးငွေထက်ပိုလျှင်ထိုမြေ (သို့မဟုတ်) အကျိုးအမြတ်လက်ရောက်ရလိုမှုအတွက် စွဲဆိုသော အမှုမျိုးကဲ့သို့ အခွန်ငွေကို တွက်ချက်ရမည်။

အပေါင်ရွေးနုတ်လိုမှု ရွေးနုတ်ခွင့်ပိတ်ပင်လိုမှု

(၉) အပေါင်ပစ္စည်းပြန်လည်ရလိုမှုအတွက် အပေါင်ခံသူအပေါ်စွဲဆိုသော အမှုနှင့် အပေါင်ခံသူက အပေါင်ရွေးနုတ်ခွင့်ကို ပိတ်ပင်ပေးစေလိုမှု (သို့မဟုတ်) စည်းကမ်းချက်ထား၍ ပေါင်နှံခြင်းမျိုးဖြစ်လျှင် ဤကဲ့သို့သော ရောင်းချခြင်းသည် အပြီးအပြတ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုများတွင် အပေါင်စာချုပ် ချုပ်ဆိုရန် ရေးသားဖော်ပြထားသော ငွေရင်းအလိုက်။

သီးခြားဆောင်ရွက်ပေးစေလိုမှု

(၁၀) သီးခြားဆောင်ရွက်ပေးစေလိုသည့်အမှုများတွင် -

(က) ရောင်းချရန်ပဋိညာဉ်ဖြစ်လျှင် - ပဋိညာဉ်ပါအဖိုးစားနားအလိုက်၊

(ခ) ပေါင်နှံခြင်းပဋိညာဉ်ဖြစ်လျှင် - အာမခံထားသည့် တန်ဖိုးငွေအလိုက်၊

(ဂ) ငှားရမ်းခြင်းပဋိညာဉ်ဖြစ်လျှင် - ငှားရမ်းသည့်ကာလ ပထမနှစ်အတွင်းပေးရန် သဘောတူညီထားသည့် ငှားရမ်းခငွေနှင့် (ရှိလျှင်)ဒဏ်ငွေ (သို့မဟုတ်) စပေါ်ငွေ ယင်းငွေနှစ်ရပ်ပေါင်းအတိုင်း၊

(ဃ) အနုညာတခုံ သမာဓိအဖွဲ့ဆုံးဖြတ်ချက်ကို အတည်ပြုပေးစေလိုမှုတွင် အငြင်းပွားသော ပစ္စည်း၏ တန်ဖိုးငွေအလိုက်။

အငှားချသူနှင့် အငှားယူသူတို့အကြား ဖြစ်ပွားသော အမှုများ

(၁၁) မြေရှင်နှင့်မြေငှားတို့အကြား ဖြစ်ပွားသောအောက်ပါအမှုများ -

(က) မြေငှားက အငှားချထားသော စာချုပ်မူရင်းခွဲလက်ခံကို ပြန်လည်ပေးအပ်စေလိုသောအမှု၊

(ခ) မြေငှား၏ ငှားရမ်းခတိုးမြှင့်ရန်စွဲဆိုသောအမှု၊

(ဂ) မြေရှင်က အငှားစာချုပ်ကို ပေးအပ်ရန်အမှု၊

(ဂဂ) ငှားရမ်းခြင်းကိုရုပ်သိမ်းပြီးနောက် လက်ရှိနေထိုင်လျက်ရှိသောဆက်လက်နေထိုင်သူအပါအဝင် မြေငှားထံမှ မရွှေ့မပြောင်းနိုင်သောပစ္စည်း လက်ရောက်ပြန်လည်ရလိုမှု၊

(ဃ) ငှားရမ်းနေထိုင်သည့် ဥပစာမှ ဖယ်ရှားနှင်ထုတ်ပေးရန် ပေးပို့သောနို့တစ်စာကို ခုခံသော အမှု၊

(င) မြေရှင်က ငှားရမ်းနေထိုင်သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းမှအိမ်ငှားအား မတရားနှင်ထုတ်သဖြင့် အိမ်ငှားမှ ယင်းမရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို ပြန်လည်ရလိုကြောင်း စွဲဆိုသော အမှု၊

(စ) ငှားရမ်းခကိုလျှော့ပေးရန်စွဲဆိုသောအမှုများတွင်အဆိုလွှာတင်သွင်းသည့်နေ့ရက် မတိုင်မီ လွန်ခဲ့သောတစ်နှစ်အတွက် ပေးဆောင်ရသည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၏ ငှားရမ်းခငွေအလိုက်၊

လျော်ကြေးနှင့် စပ်လျဉ်းသည့် အမိန့်ကို အယူခံသည့် လျှောက်လွှာ အတွက် ထမ်းဆောင်သင့်သည့်ရုံးခွန်

၈။ အများပြည်သူအကျိုးငှာ မြေသိမ်းယူခြင်းအတွက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပေးလျော်သည့် လျော်ကြေးငွေနှင့်စပ်လျဉ်းသည့် အမိန့်တစ်စုံတစ်ရာအပေါ် အယူခံသောလျှောက်လွှာအပေါ် ဤအက်ဥပဒေအရ ထမ်းဆောင်ရန် အခွန်ငွေကို ပေးလျော်သည့်ငွေနှင့် အယူခံတရားလိုက တောင်းဆိုသော ငွေပမာဏနှစ်ရပ်အကြား ကွာခြားနေသော ငွေအပေါ်တွင် တွက်ချက်စိစစ်၍ ရုံးခွန်ထမ်းဆောင်ရမည်။

အသားတင် အကျိုးအမြတ် (သို့မဟုတ်) ကာလတန်ဘိုးကို အမှန်သိရအောင် ပြုလုပ်ပိုင်ခွင့်အာဏာ

၉။ ဤအက်ဥပဒေပုဒ်မ - ၇၊ ပုဒ်မခွဲ ၅ နှင့် ၆ တို့တွင် မြေကွက်(သို့မဟုတ်) နေအိမ် (သို့မဟုတ်) ဥယျာဉ်ခြံမြေတို့၏ နှစ်စဉ် အသားတင်အမြတ်ငွေ ( သို့မဟုတ် ) ကာလတန်ဖိုးကို မမှန်မကန် သတ်မှတ်ခဲ့လျှင် တရားရုံးကပေးရန်ရှိသော ရုံးခွန်ကို သိရှိနိုင်ရန် ကော်မရှင်အဖွဲ့ ဖွဲ့စည်း၍ သင့်လျော်မည့်သူကို ခန့်ထားပြီး ဒေသအတွင်းဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ လိုအပ်သလို စုံစမ်းစစ်ဆေးရန်နှင့် တရားရုံးသို့အစီရင်ခံရန် ထုတ်ဆင့်နိုင်သည်။

အသားတင် အကျိုးအမြတ် (သို့မဟုတ်) ကာလတန်ဖိုးကိုမှားယွင်း၍ တွက်ခန့်မှန်းရာတွင် ဆောင်ရွက်ရန် နည်းလမ်း

၁၀။ (၁) အထက်ပါအတိုင်း စုံစမ်းစစ်ဆေးရာမှ ထွက်ပေါ်လာသည့်အချက်များတွင် အဆိုပါ အသားတင်အမြတ် အစွန်း ( သို့မဟုတ် )ကာလတန်ဖိုးကိုမှားယွင်း၍ တွက်ချက်ထားကြောင်း တရားရုံးကတွေ့ရှိပြီး၊ထိုသို့ တွက်ချက်ထားမှုများမှာ ပိုမိုတွက်ချက်ထားခြင်းဖြစ်လျှင် တရားရုံးက စိစစ်ပြီးနောက် ခန့်မှန်းတန်ဖိုးငွေထက် ပိုငွေကို ပြန်ထုတ်ပေးရန် ညွှန်ကြားနိုင်သည်။ သို့ရာတွင် ခန့်မှန်းတွက်ချက်ခြင်းသည်မလုံမလောက် ဖြစ်နေကြောင်းတွေ့ရှိပါက တရားရုံးမှတရားလိုသို့ လိုအပ်နေသော ရုံးခွန်ကို ပေးသွင်းရန်ဆင့်ဆိုရမည်။

(၂) ထပ်မံထမ်းဆောင်ရန်ရှိသည့် ရုံးခွန်ကို မထမ်းဆောင်မီအတွင်း အဆိုပါ အမှုကို ရပ်ဆိုင်းထားရမည်။ တရားရုံးက သတ်မှတ်ထားသည့်ကာလအတွင်း မပေးသွင်းခဲ့လျှင် အဆိုပါ အမှုအားပလပ်ရမည်။

**စွဲတောင်းသည့်ငွေထက် ဒီဂရီကျငွေကပိုလာလျှင် မတရားသဖြင့် လက်လွှတ်နေရသည့်အတွင်းရသည့်**

၁၁။ ကြားကာလအမြတ်အစွန်းရလိုမှု(သို့မဟုတ်)မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်ကြားကာလ အမြတ်အစွန်း ရလိုမှု (သို့မဟုတ်) စာရင်းရှင်းလင်းပေးစေလိုမှုများတွင် ဒီဂရီကျငွေသည် တရားလို တောင်းဆိုသောသက်သာခွင့်၏တန်ဖိုးထက်ပိုမိုနေကြောင်း တွေ့ရှိခဲ့လျှင် သက်သာခွင့်တောင်းဆိုသော တန်ဖိုးထက်ပိုမိုနေသော ဒီဂရီကျငွေအတွက် ရုံးခွန်ပေးဆောင်ခြင်းမပြုသေးလျှင် ဒီဂရီကို အတည်ပြုခွင့်မရပါ။

**အကျိုးအမြတ်ကိုရရန်ဖြစ်စေ၊ စာရင်းရှင်းလင်းရန်ဖြစ်စေစွဲဆိုသည့်အမှုများတွင် လိုက်နာရန်နည်းလမ်း**

အကယ်၍ အမြတ်အစွန်းနှင့်ပတ်သက်၍ အမှုတွင်ရရှိသောဒီဂရီကို အတည်ပြုပေးသည့်အခါမှ စုံစမ်းစစ်ဆေးရန်လိုအပ်ခဲ့လျှင် သက်သာခွင့်တောင်းဆိုသော ငွေထက်ပိုမိုနေသော ငွေအပေါ် ရုံးခွန်ကို ပေးဆောင်ခြင်း မပြုသေးလျှင် အမှုကိုပလပ်ရမည်။

**တန်ဖိုးဖြတ်ရာတွင် အငြင်းပွားမှုကို ဆုံးဖြတ်ခြင်း**

၁၂။ (၁) ဤအခန်းအရ ရုံးခွန်ပေးဆောင်ရန်နှင့်ပတ်သက်၍ အဆိုလွှာ ( သို့မဟုတ် ) အယူခံလွှာတို့တွင်ပေါ်ပေါက်လာခဲ့သော မည်သည့်အငြင်းပွားမှုမဆို အယူခံလွှာ ( သို့မဟုတ် ) ပြင်ဆင်လွှာတင်သွင်းသော တရားရုံးကစီရင်ဆုံးဖြတ်ချက်ကို ပေးရမည်။ ထိုဆုံးဖြတ်ချက်သည် အမှုတွင်ပါဝင်သော အမှုသည်များအကြား အပြီးသတ်ဆုံးဖြတ်ချက် ဖြစ်ရမည်။

(၂) သို့သော်လည်း ဖော်ပြပါအမှုများသည် အယူခံမှု(သို့မဟုတ်) လွှဲအပ်မှု (သို့မဟုတ်)ပြင်ဆင်မှုစစ်ဆေးသော တရားရုံးများသို့ရောက်ရှိလာပြီး လက်အောက်ခံရုံးမှချမှတ်ခဲ့သည့် အမိန့်သည်အခွန်ကို နစ်နာစေမည်၊ မှားယွင်း၍ ချမှတ်သည်ဟုယူဆလျှင် အမှုတွင် သက်ဆိုင်သောသူထံမှ ပေးရန်ရှိသောအခွန်ငွေကို ပုဒ်မ - ၁၀၊ ပုဒ်မခွဲ - ၂ အရ ပေးဆောင်စေရမည်။

**အယူခံလွှာတွင်ထမ်းဆောင်ခဲ့သည့်ရုံးခွန်ငွေ ပြန်အမ်းခြင်း**

၁၃။ တရားမကျင့်ထုံး ဥပဒေတွင် ဖော်ပြပါသည့်အကြောင်းအချက်များအနက် အကြောင်းအချက်တစ်စုံတစ်ရာ အရ လက်အောက်ခံရုံးကပယ်သည့် စွဲချက်လျှောက်လွှာ (အဆိုလွှာ)ကိုဖြစ်စေ၊ အယူခံလျှောက်လွှာ(အယူခံလွှာ)ကိုဖြစ်စေ၊ လက်ခံရန်အမိန့်ချမှတ်လျှင် (သို့မဟုတ်)အယူခံမှုတစ်စုံတစ်ရာကို ၎င်းဥပဒေ (တရားမကျင့်ထုံးဥပဒေ)ပါနည်းဥပဒေ ၂၃၊ အမိန့် ၄၁ ပထမစာရင်းတွင် ဖော်ပြပါသည့် အကြောင်းအချက်များအနက် အကြောင်းအချက်တစ်စုံတစ်ရာအရ ဒုတိယဆုံးဖြတ်ချက်ချပေးရန် လက်အောက်ခံရုံးသို့ပြန်ပို့လျှင် အယူခံရုံးက ၎င်းအယူခံလျှောက်လွှာ (အယူခံလွှာ)အတွက် အယူခံတရားလိုထမ်းဆောင်ပြီးအခွန်ငွေ (ရုံးခွန်)ကို မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ်တော်အရာရှိ)ထံမှ အပြည့်ပြန်၍ ရယူပိုင်ခွင့်ပြုသည့် လက်မှတ်စာ (အယူခံရုံးတွင်ထမ်းဆောင်သည့်ရုံးခွန်)ကို ၎င်းအယူခံ တရားလိုသို့ ထုတ်ပေးရမည်။

သို့ရာတွင် အယူခံရုံးမှ အမှုကို လက်အောက်ခံရုံးသို့ ပြန်ပို့သည့်အချက်တွင်ထိုကဲ့သို့ပြန်ပို့စေသည့်အမိန့်မှာ ၎င်းအမှု အချင်းဖြစ်အကြောင်းအရာအားလုံးနှင့်စပ်လျဥ်းသည်မဟုတ်လျှင်(အမှုဖြစ်အကြောင်းနှင့်မသက်ဆိုင်လျှင်) ၎င်းအမှုကို ပြန်ပို့ရာအကြောင်းပြုသည့် အချင်းဖြစ်အကြောင်းအရာ အချို့အဂကေ်အတွက် မူလထမ်းဆောင်သင့်သည့် အခွန်ငွေ (အယူခံမှုထမ်းဆောင်သည့်ရုံးခွန်)ထက်ပို၍ အဆိုပါ ထုတ်ပေးသည့် လက်မှတ်စာအရ အယူခံတရားလို (အယူခံမှုတွင်တရားလို)ကပြန်၍ ရယူခွင့်မရှိစေရ။

စီရင်ချက်ကို ထပ်မံကြည့်ရှုစစ်ဆေးရန် လျှောက်လွှာအတွက်ထမ်းဆောင်ရသည့် ရုံးခွန်ငွေပြန်အမ်းခြင်း

၁၄။ စီရင်ချက်ထပ်မံကြည့်ရှုစစ်ဆေးရန်လျှောက်လွှာ (ပြန်လည်သုံးသပ်ပေးစေလိုမှု)ကို ဒီဂရီကျသည့်နေ့ရက် မှ ရက်ပေါင်း (၉၀)မြောက်သည့် နေ့ရက်တွင်ဖြစ်စေ၊ ၎င်းနေ့ရက်လွန်နောက်ဖြစ်စေ၊ တင်သွင်းသည့်အချက်တွင် ၎င်းလျှောက်ထားသူ လစ်လပ်ပေါ့လျော့မှုရှိခြင်းကြောင့် နှောင့်နှေးကြန့်ကြာသည်မဟုတ်လျှင် ၎င်းတရားရုံးက အကြောင်းအားလျော်စွာ ဆင်ခြင်တိုင်းထွာ၍ရသည့်အတိုင်း ၎င်းလျှောက်လွှာအတွက်ထမ်းဆောင်ရပြီး အခွန်ငွေအနက် ဆိုခဲ့သည့်နေ့ရက်မတိုင်မီ လျှောက်လွှာကိုတင်သွင်းခဲ့ရလျှင် ထမ်းဆောင်ရန်ထိုက်သင့်မည့် အခွန်ငွေထက်ပိုသမျှ ငွေပေါင်းကို မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ)ထံမှ ပြန်ရယူစေရန်ခွင့်ပြုသည့် လက်မှတ်စာတစ်စောင်ကို ၎င်းလျှောက်သူသို့ ထုတ်ပေးခွင့်ရသည်။

မှားယွင်းခြင်းကြောင့် အထက်ဆုံးဖြတ်ချက်ကို တရားရုံးက ပယ်ဖျက်၊ နုတ်သိမ်း၊ ပြောင်းလဲ၊ပြင်ဆင်ရာတွင် ရုံးခွန်ငွေပြန်အမ်းခြင်း

၁၅။ စီရင်ချက်ထပ်မံကြည့်ရှုစစ်ဆေးရန် လျှောက်လွှာ (ပြန်လည်သုံးသပ်ပေးစေလိုမှု)ကို လက်ခံ၍ထပ်မံကြားနာ စစ်ဆေးစီရင်ရာ တရားဥပဒေအကြောင်း (ဥပဒေအချက်အလက်)၌ဖြစ်စေ၊အမှုအခြင်းအရာ (အကြောင်းခြင်းရာ အချက်အလက်) ၌ဖြစ်စေ၊ မှားယွင်းသည့်အကြောင်းကြောင့် အထက်ပါချမှတ်ပြီး ဆုံးဖြတ်ချက်ကို တရားရုံးက ပယ်ဖျက် နုတ်သိမ်း၊ ပြောင်းလဲ၊ ပြင်ဆင်လျှင် ၎င်းလျှောက်လွှာအတွက်ထမ်းဆောင်ခဲ့ပြီး အခွန်ငွေအနက် ဤအက်ဥပဒေ ဇယား (၂) နံပါတ် (၁)၊ အပိုဒ် (ခ)၊ (သို့မဟုတ်) (ဃ)အရ ၎င်းတရားရုံးများသို့ လျှောက်ထားသည့် အခြားလျှောက်လွှာတစ်စုံတစ်ရာအတွက်ထမ်းဆောင်သည့် အခွန်ငွေထက်ပိုမိုသမျှငွေပေါင်းကို မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ) ထံမှ ပြန်၍ ရယူစေရန် ခွင့်ပြုသည့်လက်မှတ်စာကို ထိုတရားရုံးမှ လျှောက်ထားရင်းသူ ( လျှောက်ထားသူ )က ရထိုက်စေရမည်။

သို့သော် ၎င်းအမှုကို မူလက သက်ဆိုင်ရာ တရားရုံးတွင် တင်ပြသင့်သည့်သက်သေကို အသစ်တင်ပြခြင်း အကြောင်း အားလုံးကြောင့်ဖြစ်စေ၊ အချို့အဝက်ကြောင့်ဖြစ်စေ၊ ဆိုခဲ့သည့်အတိုင်း ပယ်ဖျက်၊ နုတ်သိမ်း၊ ပြောင်းလဲ ပြင်ဆင်ရသည့်အချက်တွင် လျှောက်ထားသူမှာ ဤပုဒ်မအထက်အပိုဒ်ပါ မည်သည့်အချက်အရမျှ ထိုလက်မှတ်စာမျိုး ကို ရထိုက်ခွင့် မရှိစေရ။

အယူခံ တရားခံက ၎င်းဆုံးဖြတ်ချက်ပါ အယူခံသည့် အချက်မဟုတ်သော အချက်ကိုငြင်းချက်သွင်းသည့် အခါ ထပ်မံထမ်းဆောင်သင့်သည့် ရုံးခွန်ငွေ

၁၆။ ၁၉၀၈ ခုနှစ်၊ အက်ဥပဒေနံပါတ် - ၅ အရ နုတ်သိမ်းသည်။

အချင်းဖြစ် အကြောင်းအရာ အမျိုးမျိုးပါသည့် အမှုများ

၁၇။ အမှုတစ်ရပ်တွင် အချင်းဖြစ်အကြောင်းအရာ နှစ်ရပ်သော်လည်းကောင်း၊ (သို့မဟုတ်) အများသော်လည်းကောင်း ခြားနားစွာ ပါဝင်သည့်အချက်တွင် စွဲချက်လျှောက်လွှာ (အဆိုလွှာ)အတွက်ဖြစ်စေ၊ အယူခံလျှောက်လွှာ (အယူခံလွှာ) အတွက်ဖြစ်စေ၊ အခွန်ကောက်ခံရမည်မှာ ဤအက်ဥပဒေအရ ၎င်းအချင်းဖြစ်အကြောင်းအရာတစ်ရပ်စီ သီးခြား ပါဝင်သည့်အမှုများတွင် စွဲချက်လျှောက်လွှာများအတွက် (သို့မဟုတ်)အယူခံလျှောက်လွှာများအတွက် ထမ်းဆောင် သင့်သော အခွန်ငွေ စုစုပေါင်းအတိုင်း ကောက်ခံရမည်။

တရားမကျင့်ထုံးဥပဒေ၊ အမိန့် (၂)၊ နည်းဥပဒေ (၆)၊ ပထမစာရင်းအရ ပေးအပ်သည့် အခွင့်အာဏာကို ဤပုဒ်မ အထက်အပိုဒ်ပါ မည်သည့်အချက်နှင့်မျှ သက်ဆိုင်ကြောင်းမမှတ်ယူရ။

**တိုင်တန်းသူ တရားလိုတို့အား စာဖြင့် စစ်ဆေးခြင်း**

၁၈။ မတရားသဖြင့် ချုပ်နှောင်ထားမှု၊ မတရားသဖြင့် တားဆီးကန့်ကွက်မှု၊ (သို့မဟုတ်) ရဲ၊ အရာထမ်း၊ အမှုထမ်းတို့ဂရမ်းမပါဘဲ ဖမ်းဆီးခွင့်ရသည့်ပြစ်မှုအပြင်၊ အခြားပြစ်မှုတစ်စုံတစ်ရာ အကြောင်းကို တစ်စုံတစ်ယောက်သောသူက တိုင်တန်းကာလ၊ ဤအက်ဥပဒေအရ အခွန်ကောက်ခံရယူပြီး လျှောက်လွှာတစ်စုံတစ်ရာကို ၎င်းသူကမတင်မသွင်းရသေးသည့် အချက်တွင် ၎င်းသူကို ပထမတစ်ကြိမ်တည်းသာစစ်မေး၍ ထွက်ချက်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအရမှတ်သား၍ ယူသည့်အခါ တရားရုံးက လွတ်ငြိမ်းချမ်းသာခွင့်ပြုရန် သင့်သည်ထင်မြင်မရှိလျှင် ၎င်းတိုင်တန်းသူတရားလိုက အခွန်ငွေ (၁၀၀၀)ကျပ် ထမ်းဆောင်ရမည်။

**အချို့စာချုပ်စာတမ်းများကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းအကြောင်း**

၁၉။ ဤအက်ဥပဒေပါ မည်သည့်အချက်အရမျှ အောက်ဖော်ပြပါ စာချုပ်စာတမ်းများအတွက် အခွန်တစ်စုံတစ်ရာ ကောက်ခံထိုက်ခြင်း မရှိစေရ -

(၁) မြန်မာ့တပ်မတော်မှ တပ်သား (သို့မဟုတ်)အရာခံဗိုလ် (သို့မဟုတ်)အရာရှိတစ်ဦးဦးက တရားစွဲဆိုရာ (သို့မဟုတ်)ခုခံချေပရန် ကိုယ်စားလှယ်လွှဲစာ၊

(၂) ၁၈၉၁ ခုနှစ်၊ အက်ဥပဒေနံပါတ် (၁၂)အရ နုတ်သိမ်းပယ်ဖျက်သည်၊

(၃) တရားမမှုတွင် ပထမအကြိမ်ကြားနာပြီးနောက် တရားရုံးက တင်သွင်းစေသောချေပလွှာ၊

(၄) ၁၈၈၉ ခုနှစ်၊ အက်ဥပဒေနံပါတ် (၁၃)အရ နုတ်သိမ်းပယ်ဖျက်သည်၊

(၅) ရုတ်သိမ်းပြီး

(၆) ရုတ်သိမ်းပြီး

(၇) ရုတ်သိမ်းပြီး

(၈) ပစ္စည်းတန်ဖိုးကျပ်တစ်သိန်းထက် မပိုသည့်ကိစ္စတွင် ထုတ်ပေးသည့်သေတမ်းစာအတည်ပြုလက်မှတ် (သို့မဟုတ်) အမွေထိန်းလက်မှတ်စာ၊

(၉) မြို့နယ်အခွန်ဦးစီးဌာနမှူး (သို့မဟုတ်) အခြားအရာရှိသို့ တင်သွင်းသောမြေခွန်သတ်မှတ်ရေးဆိုင်ရာလျှောက်လွှာ (သို့မဟုတ်) အခွန်စည်းကြပ်သည့်ကော်မရှင်နာထံ မြေခွန်နှင့် ပတ်သက်၍အပြီးသတ်အတည်မပြုမီ တင်သွင်းသောလျှောက်လွှာ၊

(၁၀) အစိုးရဆည်မြောင်းဌာနမှ ရေကိုပေးဝေစေရန် လျှောက်လွှာ၊

(၁၁) လယ်ယာမြေတွင် လုပ်ကိုင်သူက အခွန်စည်းကြပ်ခံရသော်လည်းအမြဲတမ်းစည်းကြပ်မခံရသည့် မြေတွင် တိုးချဲ့စိုက်ပျိုးရန် (သို့မဟုတ်)စွန့်လွှတ်ရန် မြေခွန်အရာရှိထံတင်သွင်းသည့်လျှောက်လွှာ

(၁၂) မြေကိုစွန့်လွှတ်ရန် (သို့မဟုတ်)မြေငှားခတိုးမြှင့်ရန်အတွက် အကြောင်းကြားစာပေးပို့ရန်လျှောက်လွှာ၊

(၁၃) ကိုယ်စားလှယ် (သို့မဟုတ်)ပစ္စည်းသိမ်းယူရန် စာဖြင့်လွှဲအပ်သည့်ကိုယ်စားလှယ်စာ၊

(၁၄) ပြစ်မှုစွဲချက် (သို့မဟုတ်)သတင်းပေးချက်မှအပ သက်သေခံရန်ဖြစ်စေ၊ စာချုပ်စာတမ်းတင်ပြရန်ဖြစ်စေ၊ တရားရုံးသို့ လာရောက်ရန်အတွက် သမ္မာန်စာဆင့်ဆိုပေးရန် ပထမအကြိမ်တင်သွင်းသည့် လျှောက်လွှာ၊

(၁၅) ပြစ်မှုများတွင် တရားရုံးသို့ ကိုယ်တိုင်လာရောက်ရန် (သို့မဟုတ်) သက်သေခံလာရောက်ရန် ခံဝန်ချုပ်များ၊

(၁၆) ရဲအရာရှိရှေ့တွင် ပြစ်မှုနှင့်ပတ်သက်၍ စွဲဆိုသော သတင်းပေးသည့်လျှောက်လွှာ၊

(၁၇) တရားရုံး (သို့မဟုတ်)ရဲအရာရှိတို့က ချုပ်နှောင်ထားသော အကျဉ်းသား (သို့မဟုတ်) အခြားသူတို့က တင်သွင်းသော အသနားခံ လျှောက်လွှာ၊

(၁၈) ပြစ်မှုဆိုင်ရာဥပဒေတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသော ပြည်သူ့ဝန်ထမ်းကဖြစ်စေ၊ စည်ပင်သာယာရေး အရာရှိကဖြစ်စေ၊ မီးရထားဌာနအရာထမ်း၊ အမှုထမ်းကဖြစ်စေ တင်သွင်းသည့်တိုင်တန်းချက်၊

(၁၉) အစိုးရသစ်တောကြိုးဝိုင်းအတွင်း သစ်ခုတ်ခွင့်ပြုရန် လျှောက်လွှာ၊

(၂၀) လျှောက်ထားသူသို့ အစိုးရမှပေးရန်ရှိသောငွေကို တောင်းဆိုသည့်လျှောက်လွှာ၊

(၂၁) စည်ပင်သာယာရေးဆိုင်ရာအခွန်နှင့်ပတ်သက်၍ အယူခံတင်သွင်းသည့် လျှောက်လွှာ၊

(၂၂) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အများပြည်သူအကျိုးငှာ အစိုးရကသိမ်းယူသည့်ပစ္စည်းအတွက် လျော်ကြေးလျှောက်လွှာ၊

(၂၃) ပယ်ဖျက်ပြီး၊

(၂၄) ခရစ်ယာန်ထိမ်းမြားခြင်း ဥပဒေပုဒ်မ - ၄၅ နှင့် ၄၈ တို့အရ လျှောက်လွှာ၊

## အခန်း - ၃ - က

## သေတမ်းစာမှန်ကြောင်း သက်သေခံလက်မှတ်စာ၊ အမွေအုပ်ထိန်းရန်အခွင့်လက်မှတ်စာ၊

အမွေအုပ်ထိန်းခြင်း သက်သေခံလက်မှတ်စာများ အပေါ် ရုံးခွန်ပိုမို၍ ထမ်းဆောင်ရသည့်အချက်တွင် သက်သာခွင့်

၁၉-က။ မည်သူမဆို သေတမ်းစာမှန်ကြောင်း သက်သေခံလက်မှတ်စာကိုဖြစ်စေ၊ အမွေထိန်းစာကိုဖြစ်စေ၊ ရရန် လျှောက်ထားစဉ်၊ သေသူပိုင်ပစ္စည်းတန်ဖိုးထက် ပိုမိုတွက်သည့်အတွက် ရုံးခွန်ငွေပိုမိုထမ်းဆောင်ခဲ့လျှင် တန်ဖိုးအမှန်ကို သိသာရပြီးနောက် (၆)လအတွင်း၊ သေတမ်းစာ၊ အမွေထိန်းစာထုတ်ပေးရုံး ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ဘဏ္ဍာတော်မင်းကြီး)ထံ တင်ပြနိုင်သည်။ ၄င်းပြင် သေသူပိုင်ပစ္စည်းစာရင်းနှင့် တန်ဖိုးအတိအကျကို ကျမ်းကျိန်ဆို၍ ရုံးတွင်သက်သေခံ၍ ပေးအပ်ခြင်း၊ ၄င်းပြင် တရားရုံးကသေတမ်းစာ၊ အမွေထိန်းစာအတွက် တရားဥပဒေအရ ထမ်းဆောင်ရမည့်အခွန်ထက် ပိုမိုထမ်းဆောင်ကြောင်းကျေနပ်လျှင်၊ ဆိုခဲ့သည့် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ဘဏ္ဍာတော်မင်းကြီး)က အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) သေတမ်းစာ၊ အမွေထိန်းစာပါ ရုံးခွန်ကို ပယ်ဖျက်ခြင်းမပြုရသေးလျှင်၊ ၄င်းရုံးခွန်ကိုဖျက်သိမ်းခြင်း၊

(ခ) အဆိုပါစာတမ်းအတွက် ထမ်းဆောင်သင့်သည့် ရုံးခွန်ကို ဖော်ပြရန် အခြားရုံးခွန်တံဆိပ်ခေါင်းဖြင့် အစားထည့်ခြင်း၊

(ဂ) ပျက်စီးသည့် ရုံးခွန်နှင့်သက်ဆိုင်သည့် ရုံးခွန် တန်ဖိုးနှစ်ရပ်ကို ခုနှိမ်ရာပိုသည့်ငွေကို ခွင့်ပြုနိုင်သည်၊ (သို့မဟုတ်)၄င်းပိုငွေအတွက် ငွေသားကိုပြန်ပေးနိုင်သည်။

သေသူဆပ်ပေးရန်ရှိသည့်ကြွေးမြီများကို ၎င်းပိုင်ပစ္စည်းမှ ပေးဆပ်ရာတွင်သက်သာခွင့်

၁၉ - ခ။ မည်သည့်အခါမဆို သေတမ်းစာအတည်ပြုသူ အမွေအုပ်၊ အမွေထိန်း တစ်ဦးတစ်ယောက်ကငင်းသေသူဆပ်ပေးရန်ရှိ သည့် ကြွေးမြီများကိုဆပ်ပေးရာ၌ ဤကဲ့သို့ ဆပ်ပေးသည့်ငွေကို ၎င်းသေသူပိုင် ပစ္စည်းတန်ဖိုးငွေပေါင်းမှ ခုနှိမ်၍ ကွာငွေမှာ ၎င်းပစ္စည်းအရပ်ရပ် တန်ဖိုးငွေအားလုံးဖြစ်လျှင်၊ ၎င်းပစ္စည်း နှင့်စပ်လျဉ်း၍ ထုတ်ပေးသည့် သေတမ်းစာ မှန်ကြောင်း သက်သေခံလက်မှတ်စာ၊ အမွေအုပ်ထိန်းရန် အခွင့်လက်မှတ်စာအတွက် ဤအက်ဥပဒေအရ ထမ်းဆောင်ပြီး ရုံးခွန်အောက်လျော့၍ ၎င်းအခွန်ကို ထမ်းဆောင်ထိုက်အောင် ကြေးငွေမည်မျှကို ဆပ်ပေးပြီးကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ဘဏ္ဍာတော်မင်းကြီး)သဘောကျကျေနပ်အောင် ထင်ရှားပြသနိုင်လျှင် ရုံးခွန်ငွေနှစ်ရပ်ခုနှိမ်ရာ ကွာငွေကို သေတမ်းစာ (သို့မဟုတ်)အမွေထိန်းလက်မှတ်စာပါနေ့ရက်လွန်နောက် သုံးနှစ်အတွင်း တောင်းဆိုလျှင် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ဘဏ္ဍာတော်မင်းကြီး)က ပြန်ပေးခွင့်ရသည်၊

သို့သော် တရားမှုခင်းတစ်စုံတစ်ရာရှိခြင်းကြောင့် ၎င်းသေသူဆပ်ပေးရန်ရှိသည့် ကြွေးမြီများကိုမသိ၍ မပေးဆပ်ရသေးလျှင် သေသူကအခြားသူတို့ထံမှ ရရန်ရှိသည့် ကြွေးမြီမရသေးလျှင်၊ သေတမ်းစာအရ အတည်ပြုပိုင်သူ၊ အမွေအုပ်၊ အမွေထိန်းတစ်ဦးတစ်ယောက်မှာ အဆိုပါ သုံးနှစ်အတွင်းဖော်ပြပါ ကွာခြားသည့် အခွန်ငွေကို တောင်းဆိုခွင့်မရလျှင် အဆိုပါ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ဘဏ္ဍာတော်မင်းကြီး)က သင့်သည်ထင်မြင်သည့် အတိုင်း လျှောက်တောင်းခွင့်ရရန် နေ့ရက်ကိုတိုး၍ ခွင့်ပြုနိုင်သည်။

သက်သေခံလက်မှတ်စာအများအပြားထုတ်ပေးရာတွင်သက်သာခွင့်

၁၉ - ဂ။ မည်သည့်အခါမဆို သေတမ်းစာ၊ အမွေထိန်းစာအရ ပိုင်ဆိုင်သည့်ပစ္စည်းအားလုံးအတွက် ထုတ်ပေးပြီး ဖြစ်၍ ဤအက်ဥပဒေအရ တောင်းခံသည့်အခွန်ငွေကိုလည်း အပြည့်ထမ်းဆောင်ပြီးဖြစ်လျှင် ၎င်းပိုင်ဆိုင်သော ပစ္စည်းအားလုံးအတွက်ဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ အဆိုပါ လက်မှတ်စာမျိုး ထုတ်ပေးသည့်အခါ ဤအက်ဥပဒေအရ မည်သည့် အခွန်ငွေကိုမျှ တောင်းခံခြင်းမရှိစေရ၊

မည်သည့်အခါမဆို ပိုင်ဆိုင်မှုတွင်ပါသော ပစ္စည်းအချို့အဝက်နှင့်ပတ်သက်၍ အထက်က လက်မှတ်စာမျိုး ထုတ်ပေးပြီးဖြစ်လျှင် ၎င်းပိုင်ဆိုင်သည့်အထက်ထုတ်ပေးသည့်ပစ္စည်းနှင့် ထပ်တူဖြစ်သောပစ္စည်း( သို့မဟုတ် ) ၎င်းပစ္စည်းလည်းပါဝင်သော ပစ္စည်းတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ ၎င်းလက်မှတ်စာမျိုးတစ်စုံတစ်ရာ ထုတ်မေးမြန်းသည့် အခါ ဤအက်ဥပဒေအရ ထမ်းဆောင်ခဲ့ပြီးသော အခွန်ငွေကို ခုနှိမ်ရမည်။

ရုံးခွန်ပေးဆောင်ပြီးမဟုတ်သော်လည်းသေတမ်းစာမှန်ကြောင်းသက်သေခံလက်မှတ်စာကို ယုံမှတ်အပ်နှံသည့်ပစ္စည်းနှင့်ပတ်သက်၍ အတည်ပြုကြောင်းပြဌာန်းခြင်း

၁၉ - ဃ။ထုတ်ပေးပြီး - (သို့မဟုတ်) ထုတ်ပေးရန်ရှိသော သေသူတစ်စုံတစ်ယောက်ပိုင်ပစ္စည်းနှင့်စပ်လျဉ်းသည့် သေတမ်းစာ - (သို့မဟုတ်) အမွေထိန်းစာမှာ ယုံမှတ်အပ်နှံသူအဖြစ်နှင့် အားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ သေသူရထိုက်ခွင့်ရှိသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းတစ်စုံတစ်ရာကို တောင်းယူ၊ လွှဲပြောင်း ပေးအပ်ရန်အတွက် အတည်ပြုဖြစ်ကြောင်း ၎င်းလက်မှတ်စာကိုသေတမ်းစာအတည်ပြုသူ (သို့မဟုတ်) အမွေထိန်းစာ ရသူတို့ကလည်း ရယူပိုင်ကြောင်းမှတ်ယူရမည်မှ ၎င်းပစ္စည်းတန်ဖိုးသင့်ငွေကို ထိုသေတမ်းစာ၊ အမွေထိန်းစာအတွက် ရုံးခွန်ထမ်းဆောင်ပြီး ပစ္စည်းတန်ဖိုး မပါဝင်သော်လည်း ဤကဲ့သို့ အတည်ဖြစ်၍ ရယူပိုင်ကြောင်း မှတ်ယူရမည်။

**သေတမ်းစာ မှန်ကြောင်း သက်သေခံ လက်မှတ်စာစသည်များ အတွက် ရုံးခွန်ကို လျှော့၍ ထမ်းဆောင်သည့် အချက်တွင် စီမံခြင်း**

၁၉ - င။ မည်သူမဆို သေတမ်းစာ၊ အမွေထိန်းစာ ရရန်လျှောက်ထားစဉ် သေသူပိုင်ပစ္စည်း၏တန်ဖိုးအောက်လျော့၍ ပြထားကြောင်းသိလာလျှင် ဤသို့လျော့တွက်သည့်အတိုင်း ရုံးခွန်လျော့၍ထမ်းဆောင်ပြီးသည့် အခါတွင် သေသူပိုင်ပစ္စည်းတန်ဖိုးကို ကျမ်းကျိန်ချက် (သို့မဟုတ်)သစ္စာပြုချက်ဖြင့် မှန်ကြောင်း သက်သေခံပြီးနောက် ၎င်းသေတမ်းစာ၊ အမွေထိန်းစာအတွက် မူလပေးဆောင်ပြီး ရုံးခွန်ငွေကို မခုနှိမ်ဘဲ အဆိုပါအတိုင်းမှန်ကြောင်း သက်သေခံပြီး တန်ဖိုးနှင့်ပတ်သက်၍ မူလထမ်းဆောင်သင့်သည့် ရုံးခွန်ငွေအပြည့်နှင့်တကွ ၎င်းသေတမ်းစာ၊ အမွေထိန်းစာကို ထုတ်ပေးသည့်နေ့ရက်မှတစ်နှစ်အတွင်းတင်ပြလျှင် ထိုက်သင့်သည့် ရုံးခွန်ငွေ (၅) ဆရှိ ဒဏ်ငွေ (သို့မဟုတ်) တစ်နှစ် ကျော်လွန် ပြီးမှတင်ပြလျှင် ထိုက်သင့်သည့်ရုံးခွန်၏ အဆ (၂၀)ရှိဒဏ်ငွေကို ပေးဆောင်ကာ ၎င်းသေတမ်းစာ၊ အမွေထိန်း စာထုတ်ပေးရင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ဘဏ္ဍာတော်မင်းကြီး)က ၎င်းလက်မှတ်စာကို ထိုက်သင့်ရာ ရုံးခွန်ကပ် နှိပ်ပေးနိုင်သည်။

သို့သော် ၎င်းပစ္စည်းတန်ဖိုး အမှန်ကိုသိပြီးနောက် သေတမ်းစာ (သို့မဟုတ်) အမွေထိန်းစာအတွက် ရုံးခွန်ကို ပထမထမ်းဆောင်သည့်အခါကပင်လျော့၍ ထမ်းဆောင်ထားကြောင်းသိပြီး (၆) လအတွင်း လျှောက်လွှာကို တင်သွင်း သည့်အပြင် အဆိုပါအတိုင်း ရုံးခွန်ထမ်းဆောင်သည်မှာမှားယွင်း၍သော်လည်းကောင်း၊ ထိုကဲ့သို့ ထမ်းဆောင်စဉ် ၎င်းပစ္စည်းပါအစိတ်အပိုင်းကို သေသူပိုင်ကြောင်း မသိ၍သော်လည်းကောင်း၊ လိမ်လည်လိုသောသဘော၊ နှောင့်နှေး ကြန့်ကြာလိုသော သဘောမဟုတ်ဘဲ ရုံးခွန်ကိုမထမ်းဆောင်ခြင်းမဟုတ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်( ဘဏ္ဍာတော်မင်းကြီး)က ကျေနပ်လျှင် ၎င်းက ဆိုခဲ့သည့်ဒဏ်ငွေကို လွတ်ငြိမ်းချမ်းသာခွင့်ပြုပြီး နောက် ပထမ ထမ်းဆောင်သင့်လျက် မထမ်းဆောင်ခဲ့သောကျန်ငွေကို ထမ်းဆောင်စေ၍ သေတမ်းစာ၊ အမွေထိန်းစာ ကို ထိုက်သင့်သည့် ရုံးခွန်ကပ်နှိပ်ပေးစေနိုင်သည်။

**ပုဒ်မ (၁၉-င) အရ အခွင့်လက်မှတ်များ စာကို ရုံးခွန်မ ထမ်းဆောင်မီ အမွေအုပ်၊ အမွေ ထိန်း ကသင့်လျော် သည့်အာမခံ ငွေပေးသွင်းရ ခြင်း**

၁၉ - စ။ အမွေထိန်းလက်မှတ်စာအတွက်ငွေကို ပထမကလျော့၍ ထမ်းဆောင်သည့်ကိစ္စတွင်သေသူပိုင်ပစ္စည်း တန်ဖိုးအပြည့်ကိုသိရလျှင် အမွေထိန်းစာကိုထုတ်ပေးစဉ် တရားဥပဒေအတိုင်းတင်သွင်းပြီးဖြစ်ရမည့် အာမခံမျိုးကို အမွေထိန်းစာထုတ်ပေးသည့် တရားရုံးထံ အမွေထိန်းကမတင်သွင်းလျှင် အဆိုပါ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးချုပ် (ဘဏ္ဍာတော်မင်းကြီး)က ၎င်းအခွင့်လက်မှတ်စာကို အထက်ပါ နည်းလမ်းအတိုင်း ထိုက်သင့်သည့် ရုံးခွန်မထမ်းဆောင်စေရ။

**သေတမ်းစာ အရ အတည်ပြုပိုင်သူ စသည်တို့က လျှော့၍ ထမ်းဆောင် သည်ကို သိရ ပြီးနောက် (၆)လအတွင်း သေတမ်းစာမှန် ကြောင်း သက် သေခံလက် မှတ်စာ စသည် များအတွက် ရုံးခွန်အပြည့် မထမ်းဆောင် ခြင်း**

၁၉ - ဆ။ သေတမ်းစာမှန်ကြောင်း သက်သေခံလက်မှတ်စာ၊ အမွေထိန်းစာ တစ်စုံတစ်ရာအတွက်မှားယွင်း၍ သော်လည်းကောင်း၊ သေသူပိုင်ပစ္စည်းပါ အစိတ်အပိုင်းကို သေသူပိုင်ကြောင်းမသိရသေး၍သော်လည်းကောင်း၊ ရုံးခွန်ကိုလျှော့၍ ထမ်းဆောင်သည့်အတွက် အမွေထိန်း (သို့မဟုတ်) သေတမ်းစာ အတည်ပြုသူထံ ထိုမှားယွင်းသည့် အရာကိုဖြစ်စေ၊ အထက်ပါ သေသူပိုင်ဖြစ်ကြောင်း မသိသည့်ပစ္စည်းကိုဖြစ်စေ၊ တွေ့ရှိ၊ သိရှိပြီးနောက် (၆) လအတွင်း ဘဏ္ဍာတော်မင်းကြီးထံ မလျှောက်ထားလျှင် ၎င်းသေတမ်းစာ၊ အမွေထိန်းစာများအတွက် ပထမက ထမ်းဆောင် ထိုက်သည့်ငွေအတိုင်း ပြည့်အောင်ဖြည့်စွက်သင့်သည့်ငွေကို မထမ်းဆောင်လျှင် ၎င်းသူကို (၁၀၀၀၀၀)ထိ ငွေဒဏ် အပြင်၊ ထိုက်သင့်သည့်ရုံးခွန်အတွက် ဖြည့်စွက်ရန်လိုသည့် ငွေပေါ်တွင် (၁၀)ရာခိုင်နှုန်း ကျသင့်ငွေကို ထမ်းဆောင် ရမည်။

သေတမ်းစာ မှန်ကြောင်း သက်သေခံ လက်မှတ်စာ ( သို့မဟုတ်) အမွေအုပ် ထိန်းရန် အခွင့်လက် မှတ်စာ လျှောက်ထား သည့်အကြောင်း များကို အခွန် အာဏာပိုင် ထံ အ ကြောင်းကြား ခြင်းနှင့် ဤ ကဲ့သို့လျှောက် ထားရာလိုက် နာဆောင်ရွက် ရန် နည်း လမ်းများ

၁၉ - ၈။

(၁) သေတမ်းစာကိုဖြစ်စေ၊ အမွေထိန်းစာကိုဖြစ်စေရလိုကြောင်းနှင့်တရားလွှတ်တော်ချုပ်မှတစ်ပါး၊ အခြားမည်သည့်တရားလွှတ်တော်တွင် လျှောက်ထားလျှင် ဤသို့လျှောက်သည့်အကြောင်းကို ထိုတရားရုံးက မြို့နယ်အခွန်ဦးစီးဌာနမှူးထံ အကြောင်းကြားစေရမည်၊

(၂) အထက်ပါ လျှောက်ထားချက်ကို တရားလွှတ်တော်ချုပ်၌ လျှောက်ထားသည့်အခါ ဤသို့လျှောက်ထားကြောင်းကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ဘဏ္ဍာတော်မင်းကြီး) ထံ ၄င်းတရားလွှတ်ချုပ်က အကြောင်းကြားစေရမည်၊

(၃) သေသူပိုင်ပစ္စည်းအားလုံးဖြစ်စေ၊ အချို့အဝက်ဖြစ်စေ၊ တည်ရှိရာအခွန်စည်းကြပ်ကောက်ခံသည့်နယ်မြေနှင့်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးက သေတမ်းစာ ( သို့မဟုတ် ) အမွေထိန်းစာ လျှောက်ထားသည့်အခါ အမှုတွဲကို မည်သည့်အခါမဆို ကိုယ်တိုင်သွားရောက်ကြည့်ရှု စစ်ဆေးခွင့်ရသည်။ အမှုတွဲလက်ခံများကိုလည်း ကိုယ်တိုင်ဖြစ်စေ၊ အခြားသူကိုစေခိုင်း၍ဖြစ်စေ၊ ကူးယူခွင့်ရသည်။ ဆိုခဲ့သည့်အတိုင်းသွားရောက်ကြည့်ရှုစစ်ဆေးသည့်အခါဖြစ်စေ၊ အခြားနည်းဖြစ်စေ၊ သေသူပိုင်ပစ္စည်းတန်ဖိုးကို လျှောက်ထားသူက လျှော့၍ထွက်ကြောင်းနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးက သင့်သည်ထင်မြင်လျှင် လျှောက်ထားသူကိုယ်တိုင် လာရောက်စေရန်ဖြစ်စေ၊ ကိုယ်စားလှယ်ကိုစေလွှတ်စေရန်ဖြစ်စေ၊ လျှောက်သူထံဆင့်ဆိုပြီး သက်သေထွက်ချက်ယူ၍ ထင်မြင်ရာနည်းလမ်းအတိုင်း အကြောင်းအရာကို စစ်ဆေးမေးမြန်းခွင့်ရသည်။ ပစ္စည်းတန်ဖိုးကို လျှော့တွက်ကြောင်းထင်မြင်လျှင် တန်ဖိုးသတ်မှတ်သည့်အရာကို ပြင်ဆင်ရန် လျှောက်ထားသူကို မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)က ဆင့်ဆိုခွင့်ရသည်၊

(၄) လျှောက်ထားသူက တန်ဖိုးဖြတ်တွက်သည့်တန်ဖိုးကို မြို့နယ်အခွန်ဦးစီးဌာနမှူးက (ကော်လိတ္တော်အရာရှိ)သဘောကျကျေနပ်အောင်မပြင်လျှင်သေတမ်းစာ၊ အမွေထိန်းစာကိုဖြစ်စေ၊ လျှောက်ထားသည့် တရားရုံးတွင် ၄င်းပစ္စည်းနှင့်စပ်လျဉ်း၍ တန်ဖိုးအမှန်ကိုသိရှိနိုင်ရန် စစ်ဆေးမေးမြန်းပါမည့်အကြောင်းကို မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)က လျှောက်ထားခွင့်ရသည်၊

သို့သော် အမွေဆက်ခံခြင်းအက်ဥပဒေဆိုင်ရာ ပုဒ်မအရ လိုအပ်သောပစ္စည်းစာရင်းကို တင်ပြသည့်နေ့က ခြောက်လကျော်လွန်လျှင် ဆိုခဲ့သည့်အတိုင်း လျှောက်ထားခွင့်မရှိစေရ၊

(၅) အဆိုပါအတိုင်း လျှောက်ထားသည့်အခါ ၄င်းတရားလွှတ်တော် (တရားရုံး)ကလည်း လျှောက်ထားသည့်အတိုင်း စစ်ဆေးမေးမြန်း (သို့မဟုတ်)စစ်ဆေးမေးမြန်းစေပြီးလျှင် သေသူပိုင်ပစ္စည်းနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် တန်ဖိုးနှင့် နီးနိုင်သမျှနီးအောင် တန်ဖိုးအမှန်နှင့်စပ်လျဉ်း၍ ကောက်ချက်ချမှတ်ရမည့် မြို့နယ်အခွန်ဦးစီးဌာနမှူး (ကော်လိတ္တော်အရာရှိ)မှာလည်းဆိုခဲ့သည့်အတိုင်း စစ်ဆေးမေးမြန်းရာတွင် အမှုစသည်အဖြစ်ပါဝင်ကြောင်းမှတ်ယူရမည်၊

(၆) ဆိုခဲ့သည့်အတိုင်း စစ်ဆေးမေးမြန်းရန် အလို့ငှာသေတမ်းစာ(သို့မဟုတ်) အမွေထိန်း၏ လျှောက်ထားသူကို (ကိုယ်တိုင်ဖြစ်စေ၊ ကော်မရှင်စာထုတ်၍ဖြစ်စေ ) တရားရုံးကသော်လည်းကောင်း၊ ၄င်းရုံးမှတာဝန်ပေးခြင်းခံရသူကသော်လည်းကောင်း၊ ကျမ်းကျိန်

ဆိုစေ၍ စစ်ဆေးခွင့်ရသည့်ပြင် ပစ္စည်းတန်ဖိုးအမှန်ကို ထင်ရှားအောင်ပြုလုပ်ရန် တင်ပြထားသည့် သက်သေခံချက်များကိုလည်း ခံယူခွင့်ရသည်။ ထိုစစ်ဆေးရန် တာဝန်ပေးခြင်းခံရသူမှာ ရရှိသည့်သက်သေခံချက်များကို တရားရုံးသို့ ပြန်ပို့ပြီးလျှင် စစ်ဆေးမေးမြန်းရာမည်သို့ထင်ရှားကြောင်းကိုလည်း အစီရင်ခံရမည်။ ၎င်းအစီရင်ခံချက်နှင့်ဆိုခဲ့သည့်အတိုင်း ခံယူသည့် သက်သေခံချက်များမှာ ၎င်းမှုခင်းတွင်သက်သေခံချက်ဖြစ်စေရမည့်ပြင် ၎င်းတရားလွှတ်တော်ချုပ်ကလည်းဆိုခဲ့သည့် အစီရင်ခံချက်မှာ မှားယွင်းကြောင်းသဘောမကျလျှင် ၎င်းအစီရင်ခံချက်အတိုင်း ကောက်ချက်ချပေးခွင့်ရသည်။

(၇) အပိုဒ် (၅) အရ တရားရုံးမှ ချမှတ်သောတွေ့ရှိချက်သည် ဆုံးခန်းတိုင်ရောက်စေရမည်။ သို့သော်လည်း ပုဒ်မ (၁၉ - င)အရ မည်သည့်လျှောက်ထားချက်ကိုမဆို ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ဘဏ္ဍာတော်မင်းကြီး)က လက်ခံ၍ စီမံခန့်ခွဲသည့်ကိစ္စမှအပ အပြီးအပြတ်ဖြစ်စေရမည်။

(၈) အပိုဒ် (၃)အရ အပ်နှင်းသည့် အခွင့်အာဏာများကို ဆောင်ရွက်ရာတွင်မြို့နယ်အခွန်ဦးစီးဌာနမှူးတို့ လိုက်နာရန် နည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြဋ္ဌာန်းနိုင်သည်။

*သေတမ်းစာမှန်ကြောင်းသက်သေခံလက်မှတ်စာ၊ အမွေအုပ်ထိန်းရန်လက်မှတ်စာများနှင့်စပ်လျဉ်း၍ ရုံးခွန်ပေးဆောင်ခြင်း*

၁၉ - ဈ။ (၁) သေတမ်းစာ (သို့မဟုတ်)အမွေထိန်းစာရလိုကြောင်း လျှောက်ထားသူက တတိယဇယားတွင် ဖော်ပြထားသည့်ပုံစံအတိုင်း ပစ္စည်းတန်ဖိုးတွက်ချက်သည့်တန်ဖိုးကို (တရားရုံး)သို့ မတင်သွင်းခြင်း၊ ၎င်းပြင်၎င်း (တရားရုံး)ကလည်း တန်ဘိုးခန့်မှန်းတွက်ချက်အရ ဇယား (၁) အမှတ်စဉ် (၁၁)တွင် ဖော်ပြထားသည့် အခွန်တော်ကို ထမ်းဆောင်ပြီးဖြစ်ကြောင်းကျေနပ်မှုမရှိလျှင် လျှောက်ထားသည့်လက်မှတ်စာနှင့်စပ်လျဉ်း၍ လျှောက်သူကို ၎င်းလက်မှတ်စာမျိုးရထိုက်ရန် မည်သည့်အမိန့်ကိုမျှ ချမှတ်ခြင်းမရှိစေရ။

(၂) ပုဒ်မ(၁၉ - ဇ)၊ အပိုဒ် (၄)အရ မြို့နယ်အခွန်ဦးစီးဌာနမှူးက လျှောက်ထားသည့်အကြောင်းကြောင့် သေတမ်းစာ (သို့မဟုတ်) အမွေထိန်းစာပေးအပ်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရ။

**ဒဏ်ငွေစသည်များကို အရတောင်းခံခြင်းအကြောင်း**

၁၉ - ည။ (၁)ပုဒ်မ (၁၉ - ဇ)၊ ပုဒ်မခွဲ ( ၆ ) အရ စစ်ဆေးမေးမြန်းရာ သိသာထင်ရှားသည့်အတိုင်း ပို၍ထမ်းဆောင်ရန် အခွန်တစ်စုံတစ်ရာနှင့် ပုဒ်မ (၁၉ - ဆ)အရ ဒဏ်ငွေတစ်စုံတစ်ရာကို ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်( ဘဏ္ဍာတော်မင်းကြီး)၏ သက်သေခံလက်မှတ်အရ မြေခွန်တော်မပြေကျန်ငွေကဲ့သို့ အမွေထိန်း (သို့မဟုတ်)သေတမ်းစာအတည်ပြုလုပ်သူထံမှ အရတောင်းခံခွင့်ရှိသည်။

(၂) ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ဘဏ္ဍာတော်မင်းကြီး)သည် ဒဏ်ငွေအားလုံးကိုဖြစ်စေ၊ ၎င်း ဒဏ်ငွေမျိုးအနက် မည်မျှကိုမဆိုဖြစ်စေ၊ ပုဒ်မ (၁၉ - င)အရ ဒဏ်ငွေတစ်စုံတစ်ရာအနက် မည်မျှကိုမဆိုဖြစ်စေ၊ ထမ်းဆောင်ပြီးဖြစ်သင့်သည့် ရုံးခွန်ကိုမဆိုဖြစ်စေ လွတ်ငြိမ်းချမ်းသာခွင့်ပြုနိုင်သည်။

## အခန်း ၄

ပုဒ်မ ၆ နှင့် ၂၈ များမှာ သေတမ်းစာ မှန်ကြောင်း သက်သေခံ လက်မှတ်စာ (သို့မဟုတ်) အမွေထိန်း ရန် အခွင့် လက်မှတ်စာ များနှင့် မ သက်ဆိုင်ခြင်း

၁၉ - ၄။ ပုဒ်မ ၆ နှင့် ပုဒ်မ ၂၈ များပါ မည်သည့်ပြဋ္ဌာန်းချက်မျှ သေတမ်းစာမှန်ကြောင်း သက်သေခံလက်မှတ်စာ သို့မဟုတ် အမွေအုပ်ထိန်းရန် အခွင့်လက်မှတ်စာများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

အမိန့်ဆင့်စာ၊ သမ္မာန်စာ၊ ဝရမ်းစာ စသည်များ အတွက် အခ ကြေးငွေများ ဆိုင်ရာနည်း ဥပဒေများ

၂၀။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အောက်ပါအကြောင်းအရာများနှင့်စပ်လျဉ်း၍ လျင်မြန်နိုင်သမျှ လျင်မြန်စွာ နည်းဥပဒေများ ပြဋ္ဌာန်းပိုင်းခြားရမည် -

(၁) အယူခံမှုများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်နယ်မြေအတွင်းနှင့် ၎င်းစီရင်ပိုင်ခွင့်ရှိ ဆိုင်ရာနယ်မြေအတွင်းရှိသည့် တရားမရုံး၊ အခွန်ရုံးများက ထုတ်ပေးသည့်အမိန့်၊ သမ္မာန်စာ၊ ဝရမ်းစာများ ချအပ် အတည်ပြုသည့်အတွက် ကောက်ခံသည့်အခကြေးငွေများကိုစွ

(၂) အထက်ပါနယ်နိမိတ်အတွင်းရှိသည့် ပြစ်မှုဆိုင်ရာတရားရုံး၊ ရဲအရာရှိများ ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သော ပြစ်မှုမှတပါး အခြားပြစ်မှုတို့တွင် ထုတ်ဆင့်သည့် အမိန့်ဆင့်စာ၊ သမ္မာန်စာ၊ ဝရမ်းစာ စသည်တို့ ချအပ် အတည်ပြုလုပ်ရာတွင် ကောက်ခံထိုက်သည့် အခကြေးငွေများ ၎င်းအပြင် -

(၃) တရားရုံး၏ အခွင့်အမိန့်၏ အမိန့်ဆင့်စာ၊ သမ္မာန်စာ၊ ဝရမ်းစာ စသည်တို့ ချအပ် အတည်ပြုလုပ်ရာတွင် ခိုင်းစေသည့် ပျာတာ(ဆင့်စာလုလင်)အစရှိသူ အရပ်ရပ်တို့ကို ချပေးရန် အခကြေးငွေများ

နည်းဥပဒေ များကိုအ တည်ပြုခြင်း နှင့် ထုတ်ပြန် ကြေညာခြင်း

၎င်းတရားလွှတ်တော်ချုပ်ကဆိုခဲ့သည့်အတိုင်း ပြဋ္ဌာန်းသတ်မှတ်သည့် နည်းဥပဒေများကို အခါအား လျော်စွာ ပြောင်းလဲပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများပြုလုပ်နိုင်သည်။ ထိုပြင်ဆင်ချက် ထပ်မံထည့်သွင်းချက် အရပ်ရပ်ကိုနိုင်ငံ အစိုးရက အတည်ပြုလုပ်ပြီးနောက် အစိုးရပြန်တမ်းတွင် ထည့်သွင်းကြော်ငြာရမည်။ ၎င်းနောက် နည်းဥပဒေများမှာ တရားဥပဒေကဲ့သို့ အခိုင်အမာတည်စေရမည်။

၎င်းနည်းဥပဒေကို ပြဋ္ဌာန်းခြင်း၊ ကြော်ငြာခြင်းမပြုမီအတွင်း အမိန့်ဆင့်စာ၊ သမ္မာန်စာ၊ ဝရမ်းစာ စသည်များကို ချအပ်အတည်ပြုသည့်အတွက် ယခုကောက်ခံလျက်ရှိသည့် အခကြေးငွေများကို ဆက်လက်ကောက်ခံမြဲ ကောက်ခံရမည့်အပြင်၊ ၎င်းငွေကြေးများမှာ ဤအက်ဥပဒေအရ ကောက်ခံသည့် အခကြေး ငွေများဖြစ်ကြောင်းလည်း မှတ်ယူရမည်။

**အမိန့်ဆင့်စာ၊ သမ္မာန်စာ၊ ဝရမ်းစာများအတွက် အခကြေးငွေဇယား**

၂၁။ ဆိုခဲ့သည့်အတိုင်း အမိန့်ဆင့်စာ၊ သမ္မာန်စာ၊ ဝရမ်းစာ စသည်များ ချအပ်အတည်ပြုလုပ်သည့် အတွက် ကောက်ခံထိုက်သည့် အခကြေးငွေများဖော်ပြရာ စာရင်းဇယားကို တရားရုံးအသီးသီး၏ တစ်စောင်ကျစီ ထင်ရှားသောနေရာ၌ လူအများမြင်သာအောင် စွဲကပ်ထားရမည်။

၂၂။ ပယ်ဖျက်ထားသည်။

၂၃။ ပယ်ဖျက်ထားသည်။

၂၄။ ပယ်ဖျက်ထားသည်။

## အခန်း - ၅
## ရုံးခွန်ကောက်ခံရမည့်နည်းလမ်းများ

ရုံးခွန်ကို တံဆိပ်ခေါင်းဖြင့် ကောက်ခံခြင်း

၂၅။ ဤအက်ဥပဒေအရ ပေးဆောင်ရန်ရှိသော(သို့မဟုတ်)ပုဒ်မ-၃တွင် ပြဋ္ဌာန်းထားသော ရုံးခွန်အားလုံးအတွက် တံဆိပ်ခေါင်းခွန်ဖြင့် ကောက်ခံရမည်။

ရုံးခွန်တံဆိပ်ခေါင်းများမှာ နှိပ်တံဆိပ်ခေါင်း သို့မဟုတ် ကပ်တံဆိပ်ခေါင်းများ ဖြစ်စေရမည့်အကြောင်း

၂၆။ ဤအက်ဥပဒေအရ ပေးဆောင်ရန်ရှိသော ရုံးခွန်တော်ငွေကို ပုံနှိပ်ထားသော တံဆိပ်ခေါင်းခွန်များဖြင့်သော်လည်းကောင်း၊ ကပ်တံဆိပ်ခေါင်းခွန်များဖြင့်သော်လည်းကောင်း၊ ပုံနှိပ်ထားသော တံဆိပ်ခေါင်းခွန်အချို့ဖြင့်သော်လည်းကောင်း၊ကပ်တံဆိပ်ခေါင်းခွန်အချို့ဖြင့်သော်လည်းကောင်း ထမ်းဆောင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတက အခါအားလျော်စွာ နိုင်ငံတော်ပြန်တမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

ရုံးခွန်တံဆိပ်ခေါင်းများကို ထောက်ပံ့ထုတ်ပေးရန် အရေအတွက်ကို ပြဋ္ဌာန်းရန် အသစ်လဲရန် စာရင်းများ ထိန်းသိမ်းထားရှိရေး ဆိုင်ရာနည်းဥပဒေများ

၂၇။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ အခါအားလျော်စွာ -

(က) ဤအက်ဥပဒေအရ အသုံးပြုရန် တံဆိပ်ခေါင်းခွန်များကို ထုတ်ပေးခြင်း၊

( ခ ) ဤအက်ဥပဒေအရ ထမ်းဆောင်ရမည့် ရုံးခွန်ငွေကို ဖော်ပြအသုံးပြုရန် တံဆိပ်ခေါင်းခွန် အရေအတွက်၊

( ဂ ) ပျက်ဆီးသွားသောတံဆိပ်ခေါင်းခွန်များကို အသစ်လဲလှယ်ပေးခြင်း၊

(ဃ) ဤအက်ဥပဒေအရ အသုံးပြုရမည့် တံဆိပ်ခေါင်းခွန်အရပ်ရပ်၏ စာရင်းများကို ပြုစုခြင်း၊ အောက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းနိုင်သည် -

သို့ရာတွင် တရားလွှတ်တော်တွင် အသုံးပြုရမည့် ရုံးခွန်တံဆိပ်ခေါင်းများအတွက် တရားသူကြီးချုပ်၏ သဘောတူညီချက်ကို ရယူရမည်။

အထက်ပါစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာရမည်ဖြစ်ပြီး၊ ထိုသို့ ကြေညာပြီးသည့်အချိန်မှစ၍ ဥပဒေကဲ့သို့ အာဏာတည်စေရမည်။

အမှတ်မဲ့ လက်ခံမိသည့်စာချုပ် စာတမ်းများကို တံဆိပ်ခေါင်းကပ်နှိပ်ခြင်း

၂၈။ ဤအက်ဥပဒေအရ ပေးဆောင်ရမည့် ရုံးခွန်ကို ထမ်းဆောင်ထားခြင်းမရှိသော စာချုပ်စာတမ်း တစ်စုံတစ်ရာသည် ထိုသို့သော တံဆိပ်ခေါင်းကို မထမ်းဆောင်၍ တရားဝင်၊ အတည်မဖြစ်စေရ။

သို့သော် စာချုပ်စာတမ်းတစ်ခုကို ကျသင့်တံဆိပ်ခေါင်းခွန် ကပ်နှိပ်ခြင်းမရှိဘဲ၊ မှားယွင်း၍ဖြစ်စေ၊ ပေါ့ဆ၍ဖြစ်စေ၊ တရားရုံး(သို့မဟုတ်) သက်ဆိုင်ရာရုံးသို့ တင်သွင်းအသုံးပြုမိလျှင် အဆိုပါရုံးထိုင် တရားသူကြီး(သို့မဟုတ်) ဌာနဆိုင်ရာအကြီးအကဲက သင့်တော်သည်ဟု ယူဆလျှင် အဆိုပါစာချုပ်စာတမ်းကို တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရန် ညွှန်ကြားနိုင်သည်။ ထိုသို့ ရုံးခွန်ငွေ ထမ်းဆောင်ပြီးပါက အဆိုပါ စာချုပ်စာတမ်းသည် မူလကနဦးကပင် ကျသင့်သည့် ရုံးခွန်ထမ်းဆောင်ပြီးသကဲ့သို့ မှတ်ယူရမည်။

အသစ်ပြင်ဆင်သည့် စာချုပ်စာတမ်း

၂၉။ စာချုပ်စာတမ်းတစ်စုံတစ်ရာကို အမှားပြင်ဆင်သည့်ကိစ္စနှင့် စာချုပ်ချုပ်ဆိုကြသူများ၏ မူလရည်ရွယ်ချက်နှင့်အညီ ပြုလုပ်သည့်ကိစ္စတို့ကြောင့် တံဆိပ်ခေါင်းခွန်အသစ် ထပ်မံထမ်းဆောင်ရန် မလိုအပ်ပါ။

တံဆိပ်ခွန်ကို ဖောက်ဖျက်ခြင်း

၃၀။ ဤအက်ဥပဒေအရ ရုံးခွန်ကို ထမ်းဆောင်ထားခြင်းမရှိလျှင် မည်သည့်တရားရုံး သို့မဟုတ် သက်ဆိုင်ရာရုံးကမျှ တံဆိပ်ခေါင်းခွန် မထမ်းဆောင်သေးသ၍ လက်ခံခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းမပြုရ။

အဆိုပါတရားရုံးအရာရှိ သို့မဟုတ် ရုံးတစ်ခုခု၏ အကြီးအကဲက အခါအားလျော်စွာ ခန့်ထားသည့် အရာရှိသည် ထိုစာချုပ်စာတမ်းကို လက်ခံရရှိသည်နှင့်တပြိုင်နက် ရုံးခွန်တံဆိပ်ခေါင်းကို ဖောက်ပြီးဖျက်ပစ်ရမည်။ အဆိုပါ စာချုပ်တံဆိပ်ခေါင်းကို ဖောက်ဖျက်ပြီးနောက် ထွက်လာသည့် အပိုင်းအစကို မီးရှို့ရန်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း၊ ဖျက်ဆီးပစ်ရမည်။

## အခန်း - ၆

## အထွေထွေ

ထိုက်သင့်သည့်အခွန် မထမ်းဆောင်ရသေးသည့် စာချုပ်စာတမ်းများကို ရာဇဝတ်မှုများတွင် လက်ခံခြင်း

၃၁။ ပြစ်မှုများတွင် ပေးဆောင်ရန်ဖြစ်သော ရုံးခွန်ကို ပေးဆောင်ထားခြင်းမရှိသော စာချုပ်စာတမ်းတစ်ခုကို တင်သွင်းလာသည့်အခါ ရုံးထိုင်တရားသူကြီးက တရားဥပဒေနှင့်မညီညွတ်ကြောင်း တွေ့ရှိရပါက ပုဒ်မ-၄(သို့မဟုတ်) ပုဒ်မ - ၆ အရ လက်ခံခြင်း (သို့မဟုတ်) ထုတ်ဖော်ပြသခြင်းကို တားမြစ်ကြောင်း မမှတ်ယူစေရ။

**တံဆိပ်တော်များကိုရောင်းချခြင်း**

၃၄။ (၁) ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအက်ဥပဒေအရ အသုံးပြုရမည့် ရောင်းချရန်တံဆိပ်ခွန်ခေါင်းခွန်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ကြသူများနှင့် ၎င်းတို့၏တာဝန်နှင့် အခကြေးငွေများအတွက် စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို အခါအားလျော်စွာ ပြဋ္ဌာန်းနိုင်သည်။

(၂) အဆိုပါစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာ၍ ယင်းသို့ ထည့်သွင်းကြေညာပြီးသည့်အချိန်မှစ၍ ဥပဒေကဲ့သို့ အာဏာတည်စေရမည်။

(၃) တံဆိပ်ခေါင်းခွန်ရောင်းချရန် ခန့်အပ်ထားခြင်းခံရသူသည် ဤပုဒ်မအရ ပြဋ္ဌာန်းထားချက်များကို မလိုက်နာလျှင်ဖြစ်စေ၊ ထိုသို့ခန့်အပ်ထားခြင်းမျိုးမခံရသူက တံဆိပ်ခေါင်းခွန်များကို ရောင်းချလျှင်ဖြစ်စေ၊ [ထို့ပြင် တံဆိပ်ခေါင်းခွန်ကို တရားမဝင် လက်ဝယ်ထားသူ] ထိုသူကို (၆)လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (ငါးသိန်း)ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**ရုံးခွန်ကိုလျှော့ပေါ့နိုင်ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်အာဏာ**

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအက်ဥပဒေ၏ နောက်ဆက်တွဲဇယား ၁ နှင့် ၂ တို့တွင် ဖော်ပြထားသော ရုံးခွန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ရုံးခွန်အားလုံးကိုဖြစ်စေ၊ လျှော့ချခြင်း (သို့မဟုတ်) လွတ်ငြိမ်းခွင့်ပေးခြင်းတို့ကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ဖော်ပြရမည်။ အလားတူ အဆိုပါ အမိန့်ကိုပြောင်းလဲနိုင်သည် ( သို့မဟုတ် ) ပယ်ဖျက်နိုင်သည်။

**တရားလွှတ်တော်ဆိုင်ရာ အချို့အရာရှိတို့ထံ ပေးရသည့် အခငွေများကို ရုံးခွန်ခြင်းချက်**

၃၆။ ဤအက်ဥပဒေအခန်း(၂) နှင့် (၅) ပါ မည်သည့်ဖော်ပြချက်မှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မည်သည့်အရာရှိမဆို ပုံသေလစာအပြင် ထပ်တိုးရရှိသည့် အခကြေးငွေနှင့်စပ်လျဉ်း၍ အကျိုးသက်ရောက်မှုမရှိစေရ။

**ဇယား - ၃**

**( ပုဒ်မ ၁၉ - ၈၂ ကို ကြည့်ပါ။ )**

**တန်ဖိုးဖြတ်ချက်ပုံစံ**

**( ပြုပြင်ရန်ရှိပါက ပြုပြင်၍ အသုံးပြုရန် )**

**...............................................တရားရုံး၌**

**ကွယ်လွန်သူ.....................................၏ ...................**

**သေတမ်းစာ အတည်ပြု လက်မှတ် / အမွေထိန်းစာလက်မှတ် သို့မဟုတ် ကွယ်လွန်သူပိုင်**

**ပစ္စည်းများနှင့် ရရန်ကြွေးမြီများနှင့် စပ်လျဉ်း၍ လျှောက်ထားမှု**

၁။ ကျွန်တော်/ ကျွန်မ .................. . ....... သည် ကတိသစ္စာပြုဆို၍ / ကျမ်းကျိန်ဆို၍ ထွက်ဆိုသည်မှာ ကျွန်တော်သည်

ကွယ်လွန်သူ .................. ၏ သေတမ်းစာ အတည်ပြုသူ / အမွေအုပ်ထိန်းသူ ဖြစ်ပါကြောင်း၊ (သို့မဟုတ် ကွယ်လွန်သူ၏ သေတမ်းစာ အတည်ပြုသူများ/ အမွေအုပ်ထိန်းသူများအနက်မှ တစ်ဦးဖြစ်ပါကြောင်း သို့မဟုတ် ဆွေမျိုးရင်းချာတစ်ဦးဖြစ်ပါကြောင်း ယခုကျမ်းကျိန်ဆိုချက်ဖြင့် ပူးတွဲ၍နောက်ဆက်တွဲ (က) တွင် ဖော်ပြပါ ကွယ်လွန်သူ၏ လက်ဝယ်ပိုင်ဆိုင်သော သို့မဟုတ် ကွယ်လွန်ချိန်၌ ပိုင်ဆိုင်ခွင့်ရှိသောပစ္စည်းအားလုံးနှင့်ကြွေးမြီများကိုသော်လည်းကောင်း၊ ကွယ်လွန်ချိန်၌ လက်ဝယ်ရောက်ရန်ရှိပြီးသော သို့မဟုတ် လက်ဝယ်ရောက်ရန်ရှိသော ပစ္စည်းအားလုံးနှင့် ကြွေးမြီများကို သော်လည်းကောင်း မှန်ကန်စွာဖော်ပြအပ်ပါသည်။

၂။ ကျွန်တော်ထပ်မံ၍ ထွက်ဆိုသည်မှာ - ဥပဒေအရ ကျွန်တော်နုတ်ယူခွင့်ရရှိသောငွေနှင့် ပစ္စည်းအရပ်ရပ်ကို **နောက်ဆက်တွဲ (ခ)** တွင် မှန်ကန်စွာ ဖော်ပြအပ်ပါသည်။

၃။ ထို့ပြင် အဆိုပါ ငွေကြေးနှင့် ပစ္စည်းများမှာ အထက်ပါ နောက်ဆုံးဖော်ပြခဲ့သည့်ငွေနှင့် ပစ္စည်းအရပ်ရပ်မပါရှိဘဲ ကွယ်လွန်သည့်နေ့မှစ၍ ငှားရမ်းမှုများအားလုံး၊ အတိုးများ၊ ဝေစုများနှင့် ပိုမိုတိုးလာသော တန်ဖိုးတို့မှာ တန်ဖိုးကျပ် ............. အောက်ပါအတိုင်းဖြစ်ပါသည် -

**နောက်ဆက်တွဲ (က)**

**ကွယ်လွန်သူ ……………….၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်**

**မရွှေ့မပြောင်းနိုင်သောပစ္စည်းများအား တန်ဖိုးဖြတ်ချက်**

| | ကျပ် | ပြား |
|---|---|---|
| - နေအိမ်နှင့်ဘဏ်ရှိငွေသား၊ အိမ်ထောင်ပစ္စည်း၊ အဝတ်အထည်၊ စာအုပ်၊ ပန်းကန် ခွက်ယောက်များ၊ လက်ဝတ်ရတနာများစသည် …. …. …. …. …. ….<br>***(သေတမ်းစာ အတည်ပြုသူ သို့မဟုတ် အမွေ အုပ်ထိန်းသူ ယုံကြည်သည့်အတိုင်း အတတ်နိုင်ဆုံး ခန့်မှန်းတန်ဖိုးကို ဖော်ပြရန်)***<br>- အစိုးရကြွေးမြီရုံးတွင် လွှဲပြောင်းနိုင်သော အစိုးရငွေချေး သက်သေခံလက်မှတ်များ …. …. …. …. ….<br>***(အမျိုးအစားနှင့် တန်ဖိုးဖြတ်သည့်နေ့ ပေါက်ဈေးတန်ဖိုးကို ဖော်ပြပြီး လျှောက်ထားသည့်နေ့အထိ တွက်ချက်ရသည့်အတိုးငွေကို သီးခြားဖော်ပြရန် )***<br><br>- မရွှေ့မပြောင်းနိုင်သော ပစ္စည်းများမှာ …. …. ….<br>***(နေအိမ်ဖြစ်လျှင် မည်သည့် အိမ်မျိုးဖြစ်ကြောင်း၊ စည်းကြပ်သည့် အခွန်တန်ဖိုးရှိပါက စည်းကြပ်သည့်နှစ်ပေါင်း မြေဖြစ်လျှင် ဧက၊ ကာလပေါက်ဈေးတန်ဖိုးနှင့်ရရှိပြီးငှားရမ်းခများအားလုံးဖော်ပြရန်)***<br>- ငှားရမ်းသည့်ပစ္စည်းများ …. …. …. …. …. ….<br>( ကွယ်လွန်သူက ရပ်စဲနိုင်သော နှစ်ကာလများအတွက် အငှားချထားမှုများရှိလျှင် ငှားရမ်းခများကို ခန့်မှန်းတွက်ချက်ထားသည့် ငှားရမ်းခအမြတ်ငွေကို ဝယ်ယူသည့်နှစ်ပေါင်းနှင့် တန်ဖိုးကို ဖော်ပြရန်နှင့် ကွယ်လွန်သူတွင် ကျန်ရှိသည့် အကြွေးများနှင့် လျှောက်ထားသည့်နေ့တွင်ရရှိပြီးသော ငှားရမ်းခများအားလုံးကို သီးခြားဖော်ပြရန်) | | |

| | ကျပ် | ပြား |
|---|---|---|
| - အများနှင့်သက်ဆိုင်သော ကုမ္ပဏီများရှိပစ္စည်းများ .... .... <br>***( အကြောင်းအချက်များနှင့် တွက်ချက်သည့်နေ့ရှိ ပေါက်ဈေး တန်ဖိုးကိုဖော်ပြရန်နှင့် လျှောက်ထားသည့်နေ့တွင် တွက်ချက်ထားသော အတိုးငွေကိုလည်း သီးခြားဖော်ပြရန်)*** | - | - |
| - အသက် အာမခံပေါ်လစီ စာချုပ်မှစ၍ ခံဝန်ချုပ်၊ အပေါင်စာချုပ်၊ ငွေလွှဲလက်မှတ်၊ ငွေပေးကတိစာချုပ်၊ ငွေကြေးအတွက် အခြားငွေချေး သက်သေခံလက်မှတ်များ .... .... <br>***( လျှောက်ထားသည့်အချိန်တွင် တွက်ချက်ရရှိသည့် ငွေပမာဏ တစ်ရပ်လုံးကိုဖော်ပြပြီး အတိုးကိုလည်းသီးခြား ဖော်ပြရန်)*** | - | - |
| - စာရင်းစာအုပ်ရှိကြွေးမြီ .... .... .... .... .... .... .... <br>***( ပြန်လည်မရနိုင်သည့်ကြွေးမြီများမှအပ ရရန်ရှိသည့် ကြွေးမြီများကိုဖော်ပြရန်)*** | - | - |
| - သိုလှောင်ထားသည့် ကုန်စည် .... .... .... .... .... .... <br>**(ခန့်မှန်းတန်ဖိုးရှိလျှင်ဖော်ပြရန် )** | - | - |
| - အထက်တွင်မပါရှိသေးသည့်အခြားပစ္စည်းများ .... .... .... <br>**(ခန့်မှန်းတန်ဖိုးရှိလျှင်ဖော်ပြရန် )** | - | - |
| စုစုပေါင်း .......... | - | - |
| အခွန်မဆိုင်သည့် နောက်ဆက်တွဲ (ခ)ပါ ငွေပမာဏကိုနုတ်လျှင် | - | - |
| ကျန်အသားတင်ငွေပေါင်း ........ | - | - |

**နောက်ဆက်တွဲ (ခ)**

**ကြွေးမြီ စသည့် ဇယား**

| | ကျပ် | ပြား |
|---|---|---|
| - ကွယ်လွန်သူအပေါ် တင်ရှိသဖြင့် ဥပဒေအရ ကွယ်လွန်သူ …………ပိုင် ပစ္စည်းမှ ထုတ်ယူ၍ ပေးရမည့်ငွေပမာဏ …. …. …. …. | - | - |
| - အသုဘ သင်္ဂြိုလ်စရိတ် …. …. …. …. …. …. …. | - | - |
| - အပေါင်ပစ္စည်းအတွက် ပေးရသည့်အတိုင်း ငွေပမာဏ …. …. | - | - |
| - အတိုးမရှိ အပ်နှံခံထားရသည့် ပစ္စည်း သို့မဟုတ် အတိုးရယူရန် အထွေထွေ ကိုယ်စားလှယ်လွှဲစာမရှိဘဲ အပ်နှံခံထားရသည့် ပစ္စည်း …. …. …. …. …. …. …. …. | - | - |
| - အခွန်မထိုက်သင့်သည့် အခြားပစ္စည်း …. …. …. …. | | |
| စုစုပေါင်း | - | - |